၂။ ငွေမကိုင်တဲ့ ရဟန်းတစ်ပါးရဲ့ ရန်ကုန်မြို့ထဲက ဘတ်စ်ကားခရီး

Dr. အောင်သူ ။ ။ ငွေမကိုင်တဲ့ ရဟန်း တစ်ပါး ဘတ်စ်ကားခ ပေးစရာမရှိရင် ဘတ်စ်ကား ဘယ်လိုစီးရမလဲ ဘုရား။

M.Sc ကျောင်းသား ။ ။ ဘုန်းကြီးကားခမပေးဘဲ စီးလို့ရသလားဘုရား။

ဆရာတော် ။ ။ ကားခမပေးဘဲစီးရင် တန်ဘိုးကို လိုက်ပြီး အာပတ်အဆင့်ဆင့် သင့်နိုင်ပါတယ်။

ဆရာတော် ။ ။ အပ်စပ်တဲ့ပစ္စည်းကို ကားခအဖြစ် စီမံပေး ရတယ်။

Dr. အောင်သူ ။ ။ အပ်စပ်တဲ့ပစ္စည်းဆိုတာ ဘာပါလဲဘုရား။

ဆရာတော် ။ ။ ရဟန်းတော်များ ကိုင် ကောင်းတဲ့ ဖယောင်းတိုင်၊ ဆပ်ပြာခဲ၊ ဘောလ်ပင်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဘလိတ်ဓား စတဲ့ပစ္စည်း ကားဆရာကို စွန့်တာပါပဲ။

Dr. အောင်သူ ။ ။ အံ့သြစရာပဲ။ အဲဒီလို ပေးရင်လည်း ခရီးသွား

ဖြစ်သွားပဲ။ သပိတ်ထဲ အဲဒါတွေကို အမြဲ ထည့်သွား ရမှာပေ့ါနော်ဘုရား။

M.Sc ကျောင်းသား ။ ။ သဒ္ဓါတရားနည်းတဲ့ ကားသမားနှင့် ကြုံရင် တော့ အခက်အခဲဖြစ်နိုင်မယ် ထင်ပါတယ်။

ဆရာတော် ။ ။ ဖြစ်တတ်ပါတယ်။ ကိုယ် တွေ့ ပြောပြမယ်နော်။

M.Sc ကျောင်းသား ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ပဲခူးက လေယာဉ်ကွင်း နားက တောရကျောင်း မှာ သီတင်းသုံးတုန်းက အတွေ့အကြုံပါ။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မင်္ဂလာဒုံ (ပတ္တမြား) ရွှေဥမင်ရိပ်သာကို နေ့ ဆွမ်းအမီ ကြွသွားရမှာမို့ ပဲခူးကနေ ရန်ကုန်ကို ကားစီးရမယ်။ ထောက်ကြံ့ဆင်းပြီး တစ်ခါ အမှတ် -၃-လမ်းကိုသွားတဲ့ ကားပြောင်းစီးရဦးမယ်။ ပြီးရင် ခရီးတစ်မိုင် လမ်းလျှောက်ရမယ်။ ဒါကြောင့် ပဲခူးမြို့ကထွက်လာတဲ့ ဟိုက်လက်ကား ခေါင်းခန်း စီးဖို့ ကားဂိတ်မှာ စောင့်နေရတယ်လေ။

M.Sc ကျောင်းသား ။ ။ ကားခပေးဖို့ ဘယ်လို လုပ်ပါသလဲဘုရား။

Dr. အောင်သူ ။ ။ နောက်ခန်းစီးရင် ကားခ သက်သာမယ် ထင်ပါ တယ်ဘုရား။

ဆရာတော် ။ ။ နောက်ခန်းစီးရင် မာတုဂါမတွေနဲ့ ထိမိတိုက်မိနိုင်မှာမို့လို့ ခေါင်းခန်းရွေးရတာပါ။ ကားခအဖြစ် အချိုရည်တစ်ဘူးနှင့် သွားတိုက်ဆေးနှစ်ဘူး သပိတ်ထဲ ပါတယ်။

M.Sc ကျောင်းသား ။ ။ ကားမရပ်ပေးဘူးလား ဘုရား။

ဆရာတော် ။ ။ ကားနှစ်စီး ရပ်ပေးတယ်၊ ဒါပေမဲ့ ခေါင်းခန်းမှာ မာတုဂါမပါလို့ မစီးဖြစ်ဘူး။ တတိယတစ်စီးမှာတော့ ဒကာတစ်ယောက်ပါလို့ စီးလိုက်တယ်။ ကားပေါ်ရောက်မှ ကားခမေးကြည့်တော့ ကားခက ဘုန်းကြီးသပိတ်ထဲက အချိုရည်ဘူး တန်ဖိုးရဲ့ တစ်ဝက်လောက်ပဲ ရှိတယ်။

Dr. အောင်သူ ။ ။ ပိုတဲ့ပိုက်ဆံ ကားသမား အမ်းမှာလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး ငွေမှမကိုင်တာ၊ အမ်းလည်း မယူဘူးလေ။

M.Sc ကျောင်းသား ။ ။ ကားသမားက အချိုရည်ဘူးယူပြီး စီးခွင့်ပြုပါ သလားဘုရား။

ဆရာတော် ။ ။ ကားဆရာကို ဘုန်းကြီးမှာ "*နဝကမ္မတော့*

*မရှိဘူး၊ ဒီအချိုရည်ဘူးတော့ ရှိတယ်"*လို့ ပြော လိုက်တော့ ကားမောင်းရင်း ဘုန်းကြီးမျက်နှာကို ဘေးစောင်း ကြည့်တယ်၊ ပြီးတော့ပြုံးတယ်။ ပြီးတော့ အချိုရည်ဘူးကို ယူထားလိုက်တယ်။

Dr. အောင်သူ ။ ။ ဝိနည်းဆောင် သံဃာတော်များ ငွေမကိုင်ဘဲ အခုလိုလည်း ခရီးသွားလို့ ရနိုင်တယ် ဆိုတာ အခုမှ ကြားဖူးပါတယ်ဘုရား။

M.Sc ကျောင်းသား ။ ။ တော်တော် ခက်ခက်ခဲခဲ ပါပဲဘုရား။ အခုလို ဝိနည်းစောင့်ထိန်းပြီး သာသနာ့ဘောင်မှာ နေထိုင်တတ်ဖို့ အများကြီး လေ့လာထားရမှာ ထင်ပါတယ် ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ် မောင်ကျောင်းသား။ ခုလို အသေးစိတ် သိရှိလိုက်နာတတ်ဖို့အတွက် ဝိနည်း လေးစားတဲ့ ဥပဇ္ဈာယ်ဆရာထံပါးမှာ ငါးဝါနေပြီး လေ့လာသင်ယူရမယ်လို့ မြတ်စွာဘုရားရှင်က ပညတ်တော်မူထားပါတယ် မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။ မှတ်သား ထားပါ့မယ်ဘုရား။

ကျမ်းညွှန်း

* နိဿယမုစ္စနကကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၁၂)